Car Seats COLORADO

# အခြေခံလမ်းညွှန်

## ကားထိုင်ခုံ၊ ကလေးကားထိုင်ခုံနှင့် ထိုင်ခုံခါးပတ် ဥပဒေများနှင့် လမ်းညွှန်ချက်များ

မြန်မာ
Burmese

### ❖ ခါးပတ်တပ်၍ ဒဏ်ငွေရှောင်ပါ

ယာဉ်အတွင်း၌ အထိန်းထပ်ဆင်ထားခြင်း မရှိသော သို့မဟုတ် စနစ်တကျ အထိန်းတပ်ဆင်ထားခြင်း မရှိသော ကလေးငယ်တစ်ဦးအား အရာရှိတစ်ဦးမှ တွေ့မြင်ခဲ့ပါက ယာဉ်မောင်းအား ရပ်တန့်ခိုင်းနိုင်ပြီး ဒဏ်ကြေး ပေးဆောင်ရန် လက်မှတ်ထုတ်ပေးနိုင်သည်။ ဒဏ်ကြေးငွေမှာ အနည်းဆုံး $82 ဖြစ်သည်။

### ❖ အနောက်ထိုင်ခုံမှာ အကောင်းဆုံး ဖြစ်သည်။

အသက် 13 နှစ်အောက် ကလေးများအားလုံးသည် ကားနောက်ပိုင်း ထိုင်ခုံများတွင် စီးနင်းသင့်ပြီး စီးနင်းစဉ်တလျှောက်လုံးတွင်  စနစ်တကျ အထိန်းတပ်ဆင်ထားရမည် ဖြစ်သည်

| | | | | |
|---|---|---|---|---|
| ထိုင်ခုံ | ကား အနောက်ဘက်သို့ မျက်နှာမူထားသော ထိုင်ခုံး | ကား အရှေ့ဘက်သို့ မျက်နှာမူထားသော ထိုင်ခုံများ | ကျောမီမြင့်သော သို့မဟုတ် ကျောမီမပါသော ကလေးထိုင်ခုံများ | ပေါင်နှင့် ပခုံးကို ပတ်ထားသော ထိုင်ခုံခါးပတ်များ |
| အသက် | မွေးကင်းစမှ အသက် 3 နှစ်အထိ (ဖြစ်နိုင်သမျှ ကား အနောက်ဘက်သို့ မျက်နှာမူပြီး စီးနင်းစေပါ) | အသက် 2 နှစ်မှ 5 နှစ်အထိ | အသက် 4 နှစ်မှ 12 နှစ်အထိ (သို့မဟုတ် ထိုင်ခုံခါးပတ်နှင့် စနစ်တကျ အံဝင်ခွင်ကျဖြစ် သည်အထိ) | အသက် 9 နှစ်အထက် (အချို့ကလေးများအတွက် အသက် 12 နှစ်မပြည့်မီ အထိ) |
| အလေးချိန်/ အမြင့် | ကုန်ထုတ်လုပ်သူ ထောက်ခံချက်ပေးထားသော အများဆုံးအလေးချိန် သို့မဟုတ် အမြင့်အထိ အသုံးပြုပြီး သင့်ယာဉ်ပိုင်ရှင်လက်စွဲတွင် ဖော်ပြထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာပါ။ | | | ထိုင်ခုံခါးပတ်နှင့် စနစ်တကျအံ ဝင်ခွင်ကျဖြစ်သည့်အချိန်တွင်။ |

အထက်ပါ လမ်းညွှန်ချက်များသည် အမျိုးသား အဝေးပြေးလမ်းမ ယာဉ်အန္တရာယ်ကင်းရှင်းရေး အုပ်ချုပ်ရေးအဖွဲ့ (NHTSA) ၏ ထောက်ခံချက်များပေါ်တွင် အခြေခံထားပါသည်။ **CarSeatsColorado.com** တွင် ပိုမိုလေ့လာနိုင်ပါသည်။.

### ❖ အရေးကြီးသတိပေးချက်များ -

1. သင့်ကားထိုင်ခုံသည် သက်တမ်းကုန်ဆုံးခြင်းမရှိကြောင်း သေချာပါစေ။ အချိန်ကြာလာသည်နှင့်အမျှ နေနှင့် အအေးဒဏ်သည် ထိုင်ခုံပစ္စည်းများကို အားနည်းယိုယွင်းစေပါသည်။
2. သင့်ကားထိုင်ခုံကို ပြန်အပ်ရန်ညွှန်ကြားထားခြင်းရှိမရှိ အွန်လိုင်းတွင်စစ်ဆေးပါ။
3. ယာဉ်တိုက်မှုတစ်ခုဖြစ်ထားသည့် ယာဉ်ပေါ်မှ ကားထိုင်ခုံများသည် အကောင်းအတိုင်းရှိသည်ဟု ထင်ရလျှင်ပင် ဘေးကင်းခြင်းမရှိတော့ပါ။

COLORADO Department of Transportation